

# ၂၀၂၀ ရွေးကောက်ပွဲအတွက် အဓိပ္ပါယ်ရှိသော ရွေးချယ်မှုများ

---

**ဦးအောင်ဆန်းဦး**

ဇူလိုင်လ ၂၀၂၀

ဤဆောင်းပါးသည် **“ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်စပ်လျဉ်းသော အကျိုးသက်ရောက်မှုများ နှင့် ၁၉၄၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်အဖြစ်မှန်များကို နားလည်သဘောပေါက်ခြင်း”** ဆောင်းပါးမှ ကောက်နုတ်ထားပါ သည်။ မြန်မာနိုင်ငံ၏ ၂၀၂၀ ခုနှစ် နိုဝင်ဘာရွေးကောက်ပွဲနှင့်ပတ်သက်ပြီး ၁၉၄၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နိုင်ငံရေးဆိုင်ရာဖြစ်ရပ်မှန် သမိုင်းနောက်ခံ အချက်အလက်များကို ရေးသားဖော်ပြပေး ထားပါသည်။

လာမည့် ၂၀၂၀ နိုဝင်ဘာရွေးကောက်ပွဲအတွက် အကြီးဆုံးသောမေးခွန်းများမှာ

- မြန်မာပြည်သူလူထု များသည် မည်သို့ မဲပေးမည်နည်း?
- နောင်လာမည့်နှစ်များတွင် မည်ကဲ့သို့သော အစိုးရမျိုးကို မျှော်လင့်ထား သနည်း ဟူ၍ပင်ဖြစ်သည်။ လက်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံရေး အခြေအနေအရ ပါတီကိုကြည့်ပြီးမဲပေးခြင်းသည် ကောင်းသောရွေးချယ်မှု မဟုတ်ပေ။ ဤဆောင်းပါးသည် စဉ်းစားတွေးခေါ်နိုင်စွမ်းရှိသော စာဖတ်ပရိတတ်များအတွက် အဓိပ္ပါယ်ရှိသောရွေးချယ်မှုကို လမ်းညွှန်ပေးနိုင်ပါသည်။

(၁၉၄၈) ခုနှစ် လွတ်လပ်ရေးရပြီး အနှစ် ၂၀ ကြာပြီးနောက် ဝန်ကြီးချုပ်ဦးနုသည် မြန်မာနိုင်ငံကို ဆိုးရွားစွာဖျက်ဆီးခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်နေဝင်းသည် တိုင်းပြည်ကို နောက်ထပ် နှစ်ဆမက ဖျက်စီးခဲ့သည်။ န.ဝ.တ အစိုးရ တိုင်းပြည်ကို တာဝန်ယူသည့် (၁၉၈၉) အချိန်ရောက်သောအခါတွင် တိုင်းပြည်သည် ဆိုးရွားစွာ ဖျက်ဆီးခံခဲ့ရပြီး အမှိုက်ပုံထဲသို့ ရောက်ရှိနေသလိုပင် ဖြစ်ခဲ့ရလေသည်။ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်လာသောအခါ ၎င်းတို့သည် စစ်တပ်၏ နောက်ခံဖြင့် မတရားသောစည်းစိမ်ဥစ္စာကို ခံစားနေရသဖြင့် တရားဥပဒေ စိုးမိုးရေးကို လုံးဝစိတ်မဝင်စားခဲ့တော့ပေ။ စီးပွားရေး ပြန်လည်နာလန်ထူရေးမူဝါဒသည် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အတူတကွ ဝင်ငွေအလွန် ကောင်းမွန်သော မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားခြင်းနှင့် မှောင်ခိုရောင်းဝယ်မှု လုပ်ငန်းများ လုပ်ကိုင်ခြင်း စသည်ဖြင့်၊ တပ်မတော်သည် တောင်ပေါ် ဒေသ ၏

ဘုရင်တစ်ပါးလို ဖြစ်နေကြသည်။ စစ်ဗိုလ်ချုပ်များနှင့် မူးယစ်ဂိုဏ်းရာဇဝများ ချမ်းသာလာသည်နှင့်အမျှ ၎င်းတို့၏ မိသားစုဝင်များနှင့် ကလေးငယ်များကို အမေရိကန် နှင့် ဩစတြေးလျား စသည့်နိုင်ငံများကဲ့သို့ လုံခြုံသောနိုင်ငံများတွင် နေထိုင်ရန်နှင့် ပညာစည်းဖူးနိုင်ရန်အတွက် စတင်စဉ်းစားလာကြသည်။ သို့မှ သာလျှင် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် မြန်မာစစ်တပ်အား မည်သို့ ဖိအား ပေးမည်ကို တွက်ဆနိုင်လိမ့်မည်ဖြစ်သည်။ ပြည်သူလူထုများ၏ အကျိုးစီးပွားနှင့် တရားဥပဒေ စိုးမိုးရေးကို မလေးစားပါက ၎င်းတို့သည် နာမည်ပျက်စာရင်းထဲ သွင်းခံရပြီး စီးပွားရေး ပိတ်ဆို့မှုများနှင့်ရင်ဆိုင် နေရမည်ဖြစ်သည်။

တပ်မတော်အတွင်း အငြင်းပွားမှုမရှိသောခေါင်းဆောင်ဖြစ်သည့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၂၀၁၀ ခုနှစ် (ဒီမိုကရက်တစ်)ရွေးကောက်ပွဲကျင်းပနိုင်ရန်အတွက် ၎င်း၏ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် ရွေး ကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမှကာကွယ်ရန် အကျယ်ချုပ်ကို ၁၈ လထပ် မံတိုးခဲ့ပြီး၊ ဗိုလ်ချုပ်ကြီးသိန်းစိန်သည် သမ္မတအဖြစ် ငါးနှစ်တာဝန်ထမ်းဆောင် ခဲ့ရသည်။ ၂၀၁၅ ရွေးကောက်ပွဲတွင် ဒေါ်အောင်ဆန်းစုကြည်၏ NLD ပါတီသည် အပြတ်အသတ်အနိုင်ရရှိခဲ့ပြီး သမ္မတဦးသိန်းစိန်ကိုချန်ရစ်၍ နှုတ်ဆက်သွား ခဲ့သည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံခြားသားနှင့် လက်ထပ်ထိမ်းမြားသူများကို မြန်မာနိုင်ငံ၏သမ္မတဖြစ်ခွင့်ကို တားမြစ်ထားသော ကြောင့် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်သမ္မတမဖြစ်နိုင်ခဲ့ပေ။ သို့သော် ဒေါ်အောင်ဆန်းစုကြည်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကိုကျော်ပြီး နိုင်ငံတော် သမ္မတအထက်မှာ နေရာယူ၍ အာဏာကို ချုပ်ကိုင်ထားခဲ့လေသည်။ (၄) နှစ် ကျော် အုပ်ချုပ်ခဲ့ပြီးနောက် NLD သည် ပညာရေး သို့မဟုတ် စီးပွားရေးနှင့် ပတ် သက်မှုတွင်ဖြစ်စေ၊ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်မှုတွင်ဖြစ်စေ မည်သည့် အောင်မြင်မှုမျှ မရရှိခဲ့ပေ။ သိန်းစိန်အစိုးရထက် ပို၍ဆိုးဝါးလာခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် NLD တို့၏ မအောင်မြင်မှုအရာရာအားလုံးကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ဖွဲ့စည်းပုံအခြေခံဥပဒေကြောင့်သာ ဖြစ်သည်ဟူ၍ တိုက်ရိုက်အပြစ်တင် လေ့ရှိကြသည်။ ဤ ဆောင်းပါးကိုဖတ်ရှုသူများအတွက် “ ဖွဲ့စည်းပုံအခြေခံဥပဒေ နှင့်စပ်လျဉ်းသော အကျိုးသက်ရောက်မှုများ နှင့် ၁၉၄၈ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ နိုင်ငံရေးအဖြစ်မှန်များကို နားလည်သဘောပေါက်လျှင်” ဒေါ်အောင်ဆန်းစုကြည် နှင့် NLD တို့၏ လိမ်ညာမှုများကို ပေါ်လွင်စေပါသည်။ အားနည်းချက်များစွာ ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိနေသော်ငြားလည်း အပြုသဘောဖြင့် နိုင်ငံတော် ကို တိုးတက်အောင်လုပ်ဆောင် နိုင်သော နည်းလမ်းများစွာရှိပါသည်။ အကြောင်း မူကာ ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်၌ပင် အရည်အချင်းမရှိခြင်းကြောင့်ပင် ဖြစ်သည်။ **မြန်မာနိုင်ငံ၏ နိုင်ငံရေး လောကသို့ခြေမချမှီကပင် စုကြည်သည် ပရော်ဖက်ရှင်နယ် professional အဆင့်ရှိရှိအလုပ်များ တစ်ခါမျှမလုပ်ခဲ့ဖူးပါ။ သူမ၏အဓိကအလုပ်မှာ အိမ်ရှင်မအလုပ်နှင့် အချိန်ပိုင်း ကလေးထိန်း ကျောင်း ဆရာမ အလုပ်ပင်ဖြစ်သည်။** ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ NLD အနိုင်ရရှိမှုမတိုင်မီ ဒေါ်အောင်ဆန်းစုကြည်ကို ထောက်ခံသည့် နိုင်ငံခြားသားများသည် သူမအား နိုဘယ်လ်ငြိမ်းချမ်းရေးဆုအပါအဝင် ဂုဏ်ထူးဆုများစွာချီးမြှင့်ခဲ့သည်။ သူတို့ အနေ နှင့် ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ရည်ကိုယ်သွေးအရည်းအချင်းကို နားလည် သဘောပေါက်လာသောအခါ နိုဘယ်ငြိမ်းချမ်းရေးဆုမှလွဲ၍ သူမကိုပေးအပ် ခဲ့သောဆုများ အားလုံးနီးပါးကို ရုပ်သိမ်းပယ်ဖျက်ခဲ့ကြသည်။ နိုဘယ်ငြိမ်းချမ်းရေး ဆုကို ရုပ်သိမ်းခြင်းနှင့်ပက်သတ်၍ အလေးအနက် ဆွေးနွေးမှုများလည်း ပြုလုပ် ခဲ့သည်။ သို့သော် ဤအပြုအမူသည် ဒေါ်အောင်ဆန်းစုကြည်ထက် ဤ ငြိမ်းချမ်းရေးဆု၏ ဂုဏ်သိက္ခာကို ပိုမိုထိခိုက်စေလိမ့်မည်ဖြစ်သည်။

ကမ္ဘာကြီးသည် အစဉ်မပြတ်ပြောင်းလဲတိုးတက်နေပြီး လာမည့်နှစ်သုံးဆယ်အတွင်း ဖြစ်ပျက်မည့် အရာများနှင့် နှိုင်းယှဉ်ပါက လွန်ခဲ့သောအနှစ်သုံးဆယ်အတွင်း ကျွန်ုပ်တို့ တွေ့ကြုံ ခဲ့ရသောတိုးတက်မှုများအားလုံးသည် အရေးမကြီးတော့ပါ။ မြန်ဆန်သောလူမှု

ရေး၊ စီးပွားရေး၊ နည်းပညာ စသော ပြောင်းလဲမှုများကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဥပဒေများကိုလည်း မကြာခဏပြင်ဆင်ရန် လိုအပ်လိမ့်မည်ဖြစ်သည်။ သင့်တော်သော အနာဂတ်နှင့် ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေသည် အလွန်ကောင်းမွန်ရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံသည် လူဦးရေဆိုင်ရာ ပြောင်းလဲမှုများကို အကြီးအကျယ် ကြုံတွေ့ရလိမ့်မည် ဖြစ်သည်။ မြန်မာပြည်သူများသည် လူမျိုးရေးခွဲခြားမှု မရှိကြပါ။ ၂၀၅၀ ပြည့်နှစ်တွင် မြို့ကြီးများရှိလမ်းများနှင့် ယာဉ်အသွားအလာအခြေအနေများ တိုးတက်လာသည် နှင့်အမျှ Mestizos လူဦးရေ (မူရင်းအသုံးပြုမှု၊ တောင်အမေရိကတွင် အင်ဒီးယန်းနှင့်စပိန်တို့ ရောနှောခြင်း၊ ခေတ်သစ်ပန်းစကား ရောနှောနေသော လူမျိုးပေါင်းစုံကိုဆိုလိုသည်) သည် သိသိသာသာတိုးပွားလာနိုင်ပြီး အဓိကနိုင်ငံရေးအင်အားစုများ ဖြစ်လာ ကြလိမ့်မည် ဖြစ်သည်။ လူမျိုးစုများ၏ အပျက်သဘောဆောင်သော ရှုထောင့် များသည် လျှင်မြန်စွာ ပျောက်ကွယ်သွားလိမ့်မည် ဖြစ်သည်။ အနာဂတ်ဖွံ့ဖြိုး တိုးတက်မှုနှင့်ပတ်သက်၍ လက်ရှိအခြေအနေတွင် မည်သည့်အရာသည် အလွန်အရေးကြီးသောပြဿနာများဖြစ်ပြီး၊ မည်သည့်အရာသည် ဖြေရှင်း၍ မရနိုင်သော ပြဿနာများဖြစ်နေသည်ကို ထည့်သွင်းစဉ်းစားခြင်းဖြင့် အနာဂတ်အတွက် ကြိုတင်ကာကွယ်ခြင်းနှင့် လာမည့် ၁၀ နှစ်အတွင်း သိသိသာသာ ပြောင်းလဲ သွားနိုင်မည်ဖြစ်သည်။ မလိုအပ်သော လူမှုရေးတိုက်ခိုက်မှုများကို အခွင့်ကောင်းယူပြီး အမြတ်ထုတ်နေသော ပြဿနာဖန်တီးသူများသည် မကြာမီစဥ်းစားတွေးခေါ်ဆင်ခြင်တက်သောသူများ၏ ဆန့်ကျင်ပယ်ထုတ်ခြင်းများကို ခံရလိမ့်မည် ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ အစိုးရ၏ လုပ်ငန်းလည်း ပတ်မှုနည်းလမ်းများသည်လည်း ဆိုက်ဘာနည်းပညာများကို အသုံးပြုလာမည်ဖြစ်သည်။ ကောင်းမွန်သောပညာရေးဆိုင်ရာ အခွင့်အလမ်းများ နှင့် စီးပွားရေးတိုးတက်မှု ဆိုင်ရာအခွင့်အလမ်းများ ပိုမိုများပြားလာလိမ့်မည် ဖြစ်သည်။

လာမည့် ၂၀၃၀ ခုနှစ်တွင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းဖြစ်သော တရုတ်နိုင်ငံသည် ကမ္ဘာ့အမြင့်ဆုံး ဂျီဒီပီ GDP ကိုရည်မှန်းထားပြီး ကမ္ဘာပေါ်တွင် ဂျီဒီပီ GDP အမြင့်ဆုံး နေရာသို့ ရောက်ရှိရန် ရည်ရွယ်ထားသည်။ (YouTube video: [1]Einar Tangen, China Emerging as Global Power; [2]China Plan to Moon, Mars.) တရုတ်နိုင်ငံသည် လကမ္ဘာပေါ်တွင် စီးပွားရေးများလုပ်ဆောင် ရန်စီစဉ်နေကြ သည်။ ကမ္ဘာပေါ်တွင် ဖွံ့ဖြိုးတိုးတက်မှု အမြန်ဆုံးဖြစ်သည့် တရုတ်နိုင်ငံ၏ အမှုဆောင် အရာရှိ အများစု ၏ ပညာအရည်အချင်းမှာ အနည်းဆုံး ဘွဲ့နှစ်ခုကိုင်ဆောင်ထားသူများ ဖြစ်ကြပြီး၊ ဘွဲ့တစ်ခုသာ ကိုင်ဆောင်သူများသည် များသောအားဖြင့် အင်ဂျင်နီယာနှင့် သက်ဆိုင်သော ဘွဲ့များဖြစ်ကြသည်။ ၎င်းတို့ကို အစိုးရရာထူးများသို့ ရာထူးတိုးမြှင့်ခြင်းမပြုမီ ရှေးဦးစွာ စီမံကိန်းနှင့်ပက်သတ်သော စီမံခန့်ခွဲမှုအတွေ့ အကြုံ များစွာရှိထား ရမည်ဖြစ်သည်။ YouTube video: [3]Road and Belt.

အာဏာရှင်စနစ် အမျိုးမျိုးကိုဖြတ်သန်းလာချိန်မှစ၍ မြန်မာ့တပ်မတော်နှင့် အရပ်ဘက်နိုင်ငံရေး ခေါင်းဆောင်များ၏ အတွေးအခေါ်ပါဝင်နေသည့် ယဉ်ကျေးမှုများသည် တိုးတက်မှု လုံးဝ မရှိခဲ့ပေ။ လက်ရှိအစိုးရ အကြီးတန်းရာထူးများယူထားကြသော ဒေါ်အောင်ဆန်းစုကြည်၏ NLD အဖွဲ့ဝင်အများစုသည် အရည်အခြင်းညံ့ဖျင်းပြီး စီမံကိန်းကြီးများကို စီမံခန့်ခွဲသည့် အတွေ့အကြုံများလည်း လုံးဝမရှိခဲ့ပေ။ ၎င်းတို့ ကျွမ်းကျင်သည့်တစ်ခုတည်းသောအရာမှာ အဆုံးမရှိငြင်းပွား တိုက်ခိုက်ခြင်းပင်ဖြစ်သည်။

လက်ရှိအချိန်တွင် အကြီးမားဆုံးမေးခွန်းမှာ မြန်မာပြည်သူလူထုများအနေဖြင့် ယခုချိန်မှစ၍ အနာဂတ်အောင်မြင်မှုများကို အတူတကွ စွတ်ခူးနိုင်ကြမည်လော? စစ်တပ်နှင့် NLD အစိုးရများသည် အုပ်ချုပ်သူများသာဖြစ်ပြီး မည်သည့်တိုးတက်မှုမျှ

---

[1] https://www.youtube.com/watch?v=lRZQ7LQnxhk
[2] https://www.youtube.com/watch?v=tAmMvk5ktdk
[3] https://www.youtube.com/watch?v=1b4U_lUvKGU

မဖော်ဆောင်နိုင်သောကြောင့် ညွှန့်ပေါင်းအစိုးရ ဖွဲ့စည်းနိုင်ရေးအတွက် မြန်မာပြည်သူလူထုများ အနေဖြင့် တိုင်းရင်းသားပါတီများနှင့် ပါတီငယ်များကို မဲပေးသင့်ပါသည်။ လက်ရှိနိုင်ငံရေးအခြေအနေအရ ပါတီကိုကြည့်၍ မဲပေးခြင်းသည် ကောင်းသော စိတ်ကူးမဟုတ်နိုင်ပေ။

လာမည့် ၂၀၂၀ နိုဝင်ဘာ ရွေးကောက်ပွဲတွင် ပြည်သူပြည်သားများ၏ အကောင်းဆုံးရွေးချယ်မှုမှာ ပါတီကိုမကြည့်ဘဲ အကောင်းဆုံးနှင့် အရည်အချင်း အပြည့်ဝဆုံးသော ကိုယ်စားလှယ်လောင်းများအား ရိုးသားစွာမဲပေးခြင်း ပင်ဖြစ်သည်။ ဆိုလိုသည်မှာ ဒီမိုကရေစီ အမည်ခံသာဖြစ်သော အကျင့်စရိုက်တွယ်ယွင်းပျက် စီးပြီး ဒီမိုကရေစီ အယောင်ဆောင်သူများကို လုံးဝသည်းခံခြင်းမပြုဘဲ နိုင်ငံရေးခေါင်းဆောင်မှုအတွက် မသင့်တော်သူများကို မဲမပေးခြင်းဖြင့် ဖယ်ထုပ်ရမည် ဖြစ်သည်။ အကယ်၍ ရွေးကောက်ပွဲရလဒ်များသည် ပါတီငယ်များအတွက် အဓိပ္ပါယ်အကျိုးသက်ရောက်မှုရှိသော ညွှန့်ပေါင်းအဖွဲ့ ဖွဲ့စည်းနိုင်လျှင်၊ ၎င်းတို့အနေဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိသောအစိုးရမဟုတ်သရွေ့ သက်ဆိုင်ရာ အာဏာရှိသူများနှင့် ညှိနှိုင်းတိုင်ပင်ပြီး လိုအပ်သော ဥပဒေပြုပြင်ရေး နှင့် ပြောင်းလဲမှုများပြုလုပ်နိုင်မည်ဖြစ်သည်။ အကယ်၍ ၂၀၂၀ လွှတ်တော် အမတ်အသစ်များသည် မှန်ကန်သောအတွေးအခေါ်များနှင့်ရည်မှန်းချက်များရှိပါက ၎င်းတို့သည် နိုင်ငံကိုအစေခံနိုင်ပြီး ပြည်သူလူထုများအပေါ် ပိုမိုကောင်းမွန်စွာ အလေးပေး လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ၎င်းတို့သည်လည်း ရွေးကောက်ပွဲအတွက် ယဉ်ကျေးမှု၊ ပညာရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်ရမည်များကို ရှင်းလင်းသော အစီအစဉ်စီမံချက်များ ရှိရမည်ဖြစ်သည်။ အကယ်၍ ၎င်းတို့၏ လိမ်ညာလှည့်စားတက်သော ပါတီခေါင်းဆောင်များသည် တရားဥပဒေစိုးမိုးမှုကို အလေးမပေးပါက မကြာမီပင် ပါတီအတွင်း ဆန့်ကျင်ပုန်ကန်မှုများနှင့်သာ ရင်ဆိုင်နေရလိမ့်မည် ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းသည်လည်း ကျွန်ုပ်တို့ ချစ်မြတ်နိုးရသည့်တိုင်းပြည်၏ လက်ရှိချို့ယွင်းပျက်စီးနေသော မြန်မာ့နိုင်ငံရေးစနစ်အား အမြန်အဆုံးသတ်စေလိုပြီး၊ မြန်မာပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်သောတိုင်းပြည်သစ်အတွင်း ပျော်ရွှင်သောဘဝများဖြင့် ပြည့်ဝစွာ နေထိုင်နိုင်ပါလိမ့်မည်ဟု မျှော်လင့်ပါသည်။